**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီးအတွင်း တည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်း စီမံကိန်း

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် အာရှသစ်တောဆိုင်ရာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization – AFoCO) တို့ ပူးပေါင်း၍ **“ပဲခူးတိုင်းဒေသကြီးအတွင်း တည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်း စီမံကိန်း (FD-AFoCO IPDM Project)”** အား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အထိ (၅) နှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် စီမံကိန်းယာဉ်မောင်း (Project Driver) (၂) ဦး လစ်လပ်လျက်ရှိသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) ယာဉ်မောင်းလိုင်စင်(ခ) ရရှိပြီးသူဖြစ်ရမည်။

(ခ) Auto/Manual ကျွမ်းကျင်စွာ မောင်းနှင်တတ်ရမည်။

(ဂ) ယာဉ်မောင်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိသူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - စီမံကိန်းရုံး၊ သစ်တောသုတေသနဌာန။

၄။ တာဝန်ထမ်းဆောင်ရမည့်ကာလ - အလုပ်ခန့်အပ်သည့်နေ့မှ ၂၀၂၅ခုနှစ်၊စက်တင်ဘာလ (၃၀) ရက်နေ့ အထိ။

၅။ လစာ - အမေရိကန်ဒေါ်လာ ၁၅၀ (USD 150)။

၆။ စီမံကိန်းယာဉ်မောင်း (Project Driver) (၂) ဦး၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများ (Terms of Reference – ToR) မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းရုံးတည်ရှိသည့် သစ်တောသုတေသနဌာန၊ ရေဆင်းတွင် တာဝန်ထမ်းဆောင်ရမည်။

(ခ) စီမံကိန်းဧရိယာများဖြစ်သည့် ပြည်ခရိုင်နှင့် သာယာဝတီခရိုင်ရှိ ဒေသတွင်း လမ်းကြောင်းများနှင့် ရင်းနှီးကျွမ်းဝင်ရမည်။

(ဂ) စီမံကိန်းလုပ်ငန်း လိုအပ်ချက်အရ စီမံကိန်းဧရိယာများအပြင် လိုအပ်ပါက မြန်မာနိုင်ငံရှိ အခြားနေရာများသို့ မောင်းနှင်ပေးပို့ရမည်။

(ဃ) ယာဉ်မောင်းသူများအနေဖြင့် အလုပ်ချိန်အတွင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းနှင့် အရက်သေစာ သောက်စားခြင်းကို အထူးရှောင်ကြဉ်ရမည်။

(င) ယာဉ်စည်းကမ်း/လမ်းစည်းကမ်းများကို ကောင်းမွန်စွာ နားလည်သဘောပေါက်၍ လက်တွေ့လိုက်နာ မောင်းနှင်ရမည်။

(စ) လုပ်ငန်းခွင်လုံခြုံရေး (Safety First) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်ရမည်။ မော်တော်ယာဉ်ပေါ်တွင် လိုက်ပါသူများအား လုံခြုံရေး ခါးပါတ် အသုံးပြုစေခြင်း၊ မော်တော်ယာဉ်မောင်းနှင်နေစဉ်အတွင်း လက်ကိုင်ဖုန်း အသုံးမပြုခြင်း စသည့် အချက်များအား လေးစားလိုက်နာရမည်။

(ဆ) မော်တော်ယာဉ်များအား သန့်ရှင်းသပ်ရပ်စွာနှင့်ကောင်းမွန်စွာ ထိန်းသိမ်းရမည်။

(ဇ) အလုပ်ရာထူးမှ နုတ်ထွက်လိုပါက စီမံကိန်းမန်နေဂျာထံသို့ အနည်းဆုံး (၁) လ ကြိုတင်၍ အသိပေးပြီး တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးမှသာ နုတ်ထွက်ရမည်ဖြစ်ပါသည်။

၇။ အစမ်းခန့်ကာလအား (၆)လသတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိပါက အတည်ပြုခန့်အပ်သွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို သစ်တောသုတေသနဌာန၊ ညွှန်ကြားရေးမှူးရုံးသို့ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည် -

(က) ကိုယ်ရေးရာဇဝင်၊

(ခ) ယာဉ်မောင်းလိုင်စင်မိတ္တူ၊

(ဂ) မှတ်ပုံတင်မိတ္တူ၊

(ဃ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ။

၉။ သစ်တောဦးစီးဌာန၊ ယာဉ်မောင်း/စက်ပြင် (၃/၄) ဝန်ထမ်းများအနေဖြင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် ပြင်ပဝန်ထမ်းတာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ပြဌာန်းချက်များနှင့်အညီ လျှောက်ထားနိုင်သည်။